- "မုဟမ္မဒ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏

ဇနီးသည်များအနားတွင် အမျိုးသမီးအများအပြားသည်

၎င်းတို့၏ လင်‌ယောက်ကျားများအကြောင်း

တိုင်ကြားလျှောက်ထားရန် ဝိုင်းရံလာခဲ့ကြသည်။

ထိုကဲ့သို့ (ဇနီးများကို ရိုက်နှက်သော) သူတို့သည်အသင်တို့ထဲတွင် အကောင်းဆုံးသူများ မဟုတ်ကြပေ။

အိယားစ် ဗင်န် အဗ်ဒုလ္လာဟ် ဗင်န် အဘူဇုဗာဗ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်;ဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ အလ္လာဟ်အရှင်မြတ်၏ ကျွန်မများ (အမျိုးသမီး) တို့အား
အသင်တို့ရိုက်နှက်ခြင်း မပြုကြနှင့်။ ထို့နောက် အုမရ်(ရဿွိယလ္လာဟုအန်ဟု) သည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံ ရောက်လာပြီး " အမျိုးသမီးတို့သည်၎င်းတို့၏ လင်ယောက်ကျားများအပေါ် အတင့်ရဲ (ရိုင်းပြ) လာကြပါသည်" ဟု
လျှောက်ထားခဲ့သည်။ ထို့ကြောင့် တမန်တော်မြတ်သည် ထိုအမျိုးသမီးများအား (အလွန်အမင်းမဟုတ်သည့်ပုံစံဖြင့်) ရိုက်နှက်ခွင့် ပြုခဲ့သည်။ ထိုအခါ
တမန်တော်မြတ်၏ ဇနီးသည်များထံတွင် အမျိုးသမီးအများအပြား သည် ၎င်းတို့၏
လင်ယောက်ကျားများအကြောင်း တိုင်ကြားလျှောက်ထားရန် ဝိုင်းရံလာခဲ့ကြသည်။ ထိုအခါနဗီတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ- "မုဟမ္မဒ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ ဇနီးသည်များအနားတွင်
အမျိုးသမီးအများအပြားသည် ၎င်းတို့၏ လင်‌ယောက်ကျားများအကြောင်း
တိုင်ကြားလျှောက်ထားရန် ဝိုင်းရံလာခဲ့ကြသည်။ ထိုကဲ့သို့ (ဇနီးများကိုရိုက်နှက်သော) သူတို့သည် အသင်တို့ထဲတွင် အကောင်းဆုံးသူများ မဟုတ်ကြပေ။
[صحيح] [رواه أبو داود وابن ماجه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည်ဇနီးမယားများကိုရိုက်နှက်ခြင်းမှတားမြစ်တော်မူခဲ့သည်။ ထို့နောက် အမီရုလ်မုအ်မင်နီးန် အုမရ် ဗင်န် ခသ်သွာဗ် (ရဿွိယလ္လာဟုအန်ဟု) လာရောက်၍- "အို- အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၊အမျိုးသမီးများသည် ၎င်းတို့၏ ခင်ပွန်းသည်များအပေါ် အတင့်ရဲ(ရိုင်းပြ) လာကြပြီး၎င်းတို့၏ အကျင့်အမူများသည် ယိုယွင်းပျက်စီးလာပါသည်" ဟု လျှောက်ထားခဲ့သည်။ ထိုအခါတမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က ခင်ပွန်းသည်၏ အခွင့်အရေးကိုငြင်းဆန်ခြင်း၊ အမိန့်ဖီဆန်ခြင်း စသည့်အကြောင်း ရင်းများရှိပါကမနာကျင်စေသောပုံစံဖြင့် ရိုက်နက်ခြင်းကို ခွင့်ပြုခဲ့သည်။ ထို့နောက်အမျိုးသမီးများသည် တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ၏ ဇနီးသည်များထံ သူမတို့၏ခင်ပွန်းများ၏ နာကျင်စေသော ရိုက်နှက်မှုနှင့် ခွင့်ပြုချက်ကိုအလွဲသုံးစားလုပ်ခြင်းများကို လာရောက် တိုင်ကြားခဲ့ကြသည်။ ထိုအခါ တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မိန့်ကြားတော်မူခဲ့သည်မှာ- "မိမိတို့၏ ဇနီးများကိုနာကျင်စေသော ရိုက်နှက်မှုဖြင့် ရိုက်နက်အပြစ်ပေးသော ယောက်ျားများသည် အသင်တို့အနက်အကောင်းဆုံးသူများ မဟုတ်ကြပေ။"

